# Chapter 12
# အခန်း (၁၂)

## ဧဝံဂေလိလုပ်ငန်း
## The Ministry of Evangelism

လူတစ်ဦး၏နောက်ဆုံးပြောဆိုသောစကားကို အရေးကြီးဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့ တွေးတောထင်မှတ်တတ်ကြသည်။ သေလုဆဲဆဲလူတစ်ဦး၏ ပတ်ဝန်းကျင်တွင် သူ၏နောက်ဆုံး ပြောဆိုသောစကားကြားမှတ်နိုင်ဘို့ရန်အတွက် မိသားစုအားလုံး စုရုံးတတ်ကြသည်။ ထိုစကားလုံး များကို နှစ်ပေါင်းများစွာစိတ်ထဲတွင် မှတ်ယူတတ်ကြသည်။ ကောင်းပေ၏။ သခင်ယေရှုခရစ်တော် သည် ကောင်းကင်ဘုံသို့ ချီဆောင်ခြင်းမခံရမှီ သူပြောခဲ့သော နောက်ဆုံးစကားသည် အရေးဆုံး ဖြစ်သည်ကို ကျွန်တော်ခံယူသည်။ သတင်းကောင်းကျမ်းနှင့် တမန်တော်ဝတ္ထုထဲတွင် သခင်ယေရှု ၏ နောက်ဆုံးစကားကို မှတ်တမ်းတင်ရေးသားခဲ့ပါသည်။

မဿဲ ၂၈း၁၈–၂၀ "ကောင်းကင်ဘုံ၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့ကတပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်း သောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည်သင်တို့အား ပေးသမျှသောပညတ် တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန် သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။"

မာကု ၁၆း၁၅–၁၆ “သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရာကိုဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။ မယုံကြည်သောမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့။”

လုကာ ၂၄း၄၆–၄၈ “ဤသို့ကျမ်းစာလာ၏၊ ဤသို့ခရစ်တော်သည် အသေခံ၍သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ထမြောက်ရမည်။ ခရစ်တော်၏အခွင့်အားဖြင့် နောင်တ တရားနှင့်အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်။ သင်တို့သည်လည်း ဤအကြောင်းအရာ၏ သက်သေဖြစ်ကြ၏။ ငါ့ခမည်းတော်၏ ဂတိရှိသည်အတိုင်း သင်တို့၌ ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်ကတန်ခိုးကိုမခံမီတိုင်အောင် ယေရု ရှုလင်မြို့၌ နေဦးကြလော့ဟု မိန့်တော်မူ၏။”

ယောဟန် ၂၀း၂၁ “တဖန်ယေရှုကသင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ သင်တို့ကို ငါစေလွှတ်သည်ဟု မိန့်တော်မူ၏။”

တမန် ၁း၈ “ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာသောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှုလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ်ကမည်ဟု မိန့်တော်မူ၏။”

တမန်တော်များထံသို့ သခင်ယေရှုပေးအပ်သော တာဝန်ဝတ္တရားဟူသမျှသည် သူ၏နိုင်ငံတော်ကျယ်ပြန့်ဖို့ရန်အတွက် ဖြစ်သည်ကိုမှတ်သားထားပါ။ သူတို့သည် လူမျိုးတကာများထံသို့ သွား၍ တပည့်တော် ထူထောင်ရမည်။ လူမျိုးများအားလုံးထံသို့ သတင်းကောင်းဝေငှရမည်။ လူမျိုးအားလုံးထံသို့ နောင်တ တရားနှင့်စပ်ဆိုင်သော မပြစ်ဖြေလွှတ်ခြင်းတရား ဝေငှရမည်။ သူ၏ခမည်းတော်က သခင်ယေရှုခရစ်တော်ကို စေလွှတ်သည်နည်းတူ၊ သူက သူ၏တပည့်တော် များကိုစေလွှတ်ခြင်းဖြစ်သည်။ ထို့နောက်တပည့်တော်များသည် လောကီနိုင်ငံအသီးသီးသို့ သွား ကာ သက်သေခံရမည်ဖြစ်သည်။ သခင်ယေရှုချီဆောင်ခြင်းခံရပြီးနောက် တပည့်တော်များသည် သူတို့၏လုပ်ငန်းများအပေါ် သံသယမရှိရေးအတွက် သခင်ယေရှုက အခြေခံကျသော စေခိုင်းခြင်းသတင်းငါးခုကို သီးခြားစွာပေးထားပါသည်။ ဤစကားလုံးများကို သူတို့၏နားရှေ့တည့်တည့်တွင် ပြောဆိုထားခြင်းဖြစ်သည်။ သခင်ယေရှုက သူတို့၏စိတ်ထဲမှ ဤစကားလုံးများ ပပျောက်ခြင်းမရှိရန်အတွက် အလိုတော်ရှိသည်။ သူဤကဲ့သို့ပြောဆိုခြင်းသည် “ငါသင်တို့ကို သွန်သင်သမျှအရာအားလုံးမှတ်ထားရမည်။ လုံးဝမမေ့ရ” ဟုပြောလိုခြင်းဖြစ်သည်။ ဤနောက်ဆုံး မိန့်ခွန်းသည် ခရစ်တော်တဖန်ပြန်လည် မကြွမီတိုင်အောင် ယုံကြည်သူများကို ဆက်လက်လုပ်ဆောင်ရမည့်တာဝန်ဖြစ်သည်။

အိမ်အသင်းတောများ၌ တွေ့ဆုံနေကြသော ကျွန်ုပ်တို့အယောက်စီတိုင်းက သခင်ယေရှုခရစ်တော်၏ နောက်ဆုံးပြောဆိုသော အမှာစကားများကို လုပ်ဆောင်ရန်တာဝန်ရှိသည်။ လက်တွေ့ကျကျမဟုတ်သော ခလေ့ထုံးစံမှကျင့်သုံးခြင်းတို့ကို ကျော်လွှားကားကျွန်ုပ်တို့သည် အကျိုးရှိစွာဖြင့် လက်တွေ့ကျကျလုပ်ဆောင်ရန်လိုအပ်သည်။ ကျွန်တော်တို့သည် သင်းအုပ်ဆရာများအခပေး၍ငှါးရမ်းဖို့ရန်အတွက် ငွေကြေးအသုံးမပြုသောကြောင့် သို့မဟုတ် အဆောက်အဦးအတွက် ပေါင်ခံပစ္စည်းရွေးယူရန် ငွေကြေးအသုံးမပြုသောကြောင့် ကျွန်ုပ်တို့နေထိုင်သောဒေသတွင် ဧဝံဂေလိလုပ်ငန်းအတွက် ငွေကြေးများကို အသုံးပြုရမည်ဖြစ်သည်။ ထပ်မံ၍ အိမ်အသင်းတော်ပုံစံသည် မိရိုးဖလားမှဆင်းသက်လာသော အသင်းတော်ထက် အမှုတော်ဆောင်များမွေးထုတ်ရန် ပို၍

လွယ်ကူသည်။ တခြားအသင်းတော်များ တည်ထောင်ရန်အတွက် သာသနာပြုဆရာများ သင်ကြားပို့ချပေးသော နေရာအဆောင်များငှါးရမ်းခြင်းကို ကျွန်ုပ်တို့မလိုအပ်ပေ။ ကြီးမားသော အဆောက်အဦးများဆောက်ကာ ကားတိုင်ထူစိုက်ထူခြင်း၊ ပြတင်းပေါက်တွင် လှပသောမှန်ဘောင်များတပ်ဆင်ပေးခြင်း၊ ပလ္လင်တော်တည်ဆောက်ခြင်း၊ ထိုင်ခုံများထားရှိခြင်းနှင့် စန္ဒရားများထားရှိခြင်းတို့လည်း မလိုအပ်ပေ။ အိမ်အသင်းတော်များထူထောင်သည့်အခါ စစ်မှန်သောလိုအပ်မှုသည် သခင်ယေရှုခရစ်တော်ကို ချစ်သောသူများနှင့် သူ၏နောက်တော်သို့ လိုက်လိုသောသူများကိုသာ လိုအပ်သည်။ တဘက်တွင် အိမ်အသင်းတော်၌ ခရစ်တော်၏သတင်းကောင်း ကျယ်ပြန့်ဖို့ရန်အတွက် တန်ခိုးရှိစွာလုပ်ဆောင်ခြင်းသည် သူ၏မဟာစေခိုင်းခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နိုင်သည်။ ရံဖန်ရံခါ လူတစ်ချို့တို့သည် အိမ်အသင်းတော်၏ဝတ်ပြုခြင်း အစည်းအဝေးသို့ တက်ရောက်သောအခါ ချမ်းသာသောသူများနှင့်သာ ပျော်ရွှင်တတ်ကြသည်။ ထိုသူတို့နှင့်သာ ရင်းနှီးကျွမ်း ဝင်စွာ မိတ်သဟာယဖွဲ့တတ်ကြသည်။ ဧဝံဂေလိလုပ်ရှားမှု၊ တပည့်တော်မွေးထုတ်ခြင်းအစီအစဉ်နှင့် အသင်းတော်ထူထောင်ခြင်းစသော အရေးကြီးသောကိစ္စရပ်များကို ဥပက္ခာပြုတတ်ကြသည်။ သို့သော် ထိုကဲ့သို့သောစိတ်ထားကို ကျွန်တော်တို့၌ မထားရှိသင့်ပေ။ ကျွန်ုပ်တို့၏ အသင်းတော်များတွင်ရှိသော ယုံကြည်သူများက အသင်းတော်ထဲ၌သာ ပြုစုခြင်းအမှု မလိုအပ်ပေ။

ယုံကြည်သူတို့သည် ရံဖန်ရံခါစိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှုရှိတတ်ကြသည်။ စာတန်နှင့်သူ၏ ကိုယ်ရံတော်များတန်ခိုးကို ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။ ကျွန်ုပ်တို့သည် အပြစ်တရား၏ဖျက်ဆီးခြင်းနှင့် ၎င်း၏တန်ခိုးမှ မိမိကိုယ်ကို ကာကွယ်ရန် လိုချင်တတ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ သည် ကြောက်ရွံ့ခြင်းနှင့် ရင်ဆိုင်ကြပါသည်။ မိမိကိုယ်ကို ကာကွယ်ရန် နည်းလမ်းရှာကြံမည့်အ စား၊ ကျွန်ုပ်တို့သည် ရန်သူကို တိုက်လှန်သောသူများဖြစ်သင့်သည်။ မရဏာတံခါးက ခရစ်တော်၏အသင်းတော်ကို မနိုင်ရဟု သခင်ယေရှုက ပြောဆိုခဲ့သည် (မဿဲ ၁၆း၁၈)။ ဤကျမ်းပိုဒ်ကို ကြည့်သောအခါ အသင်းတော်သည် ရန်သူတို့ကို တိုက်လှန်သူဖြစ်ပြီး မရဏာနိုင်ငံသည် ကာကွယ်သူဖြစ်ပါသည်။ စာတန်၏ နိုင်ငံကို သခင်ယေရှု၏အသင်းတော်က ရဲရင့်စွာတိုက်ခိုက်ကာ အောင်မြင်စွာဖြင့် သိမ်းပိုက်သည်ဟု သခင်ယေရှုဖော်ပြခြင်းကို ကျွန်တော်နားလည် သည်။ ကျွန်ုပ်တို့၏ တိုက်ခိုက်ခြင်းကို နတ်ဆိုးများက လုံးဝအောင်မြင်စွာ တိုက်ခိုက်နိုင်မည် မဟုတ်ပေ။ ကျွန်ုပ်တို့အောင်မြင်ရမည်။ မှောင်မိုက်တန်ခိုးကို သတင်းကောင်းဖြင့် တိုက်ခိုက်နိုင် ရန်အတွက် ကျွန်ုပ်တို့သည် တန်ခိုးနှင့်သြဇာအာဏာရှိသည်။ မရဏာနိုင်ငံက ခရစ်တော်၏ နှုတ်ထွက်စကားကို သင့်အားခွန်အားပေးစေပြီး ထိုကားမှ ရဲရင့်ခြင်းကို ရယူပါ။

ဤကဲ့သို့ ဖြစ်ခဲ့လျှင် ကျွန်ုပ်တို့၏ အိမ်အသင်းတော်သည် ပျောက်ဆုံးသောသူများထံ ဧဝံဂေလိတရားဝေငှခြင်းနှင့် အသစ်သောအသင်းတော် တည်ထောင်ခြင်းလုပ်ငန်းကို မည်ကဲ့သို့ လုပ်ဆောင်နိုင်မည်နည်း။ ကနဦးအသင်းတော်တွင် ဧဝံဂေလိလုပ်ငန်းကို မည်သည့်နေရာတွင် မည်ကဲ့သို့ လုပ်ဆောင်ခဲ့သည်ကို ကျွန်ုပ်တို့၏ ကိုယ်ပိုင်အသင်းတော်၌ ညွှန်ကြားချက်တစ်ချို့ ရရှိနိုင်ဘို့ရန်အတွက် အနည်းငယ်ကြည့်ကြပါစို့။

**ကနဦးယုံကြည်သူများက မည်သည့်နေရာတွင် ဧဝံဂေလိလှုပ်ရှားခဲ့သနည်း။**
**Where did the Early Church Evangelize?**

ယနေ့ယုံကြည်သူတို့က ဧဝံဂေလိလုပ်ငန်းကို မယုံကြည်သူများစုရုံးသောနေရာတွင် လုပ်လေ့ရှိကြသည်။ မယုံကြည်သူများကို တေးဂီတပြဇာတ်၊ နှင့်လက်တွေ့ကျကျလုပ်ဆောင်ခြင်းဖြစ်သော ငွေကြေးထောက်ပံ့ခြင်း၊ ဘုရားကျောင်းသို့ အတင်းခေါ်ဆောင်ခြင်း၊ အလုပ်ခန့်အပ်ခြင်းနှင့်မိသားစုကိုပြုစုခြင်းအားဖြင့် ဘုရားရှိခိုးကျောင်းသို့ ခေါ်ဖိတ်ကာ၊ ထိုသူတို့သည် ဘုရားကျောင်းသို့ တက်နိုင်ရန်အတွက် သူတို့နီးနားတွင် ဝတ်ပြုခြင်းပြုကြပါသည်။ ဤနည်းလမ်းအား ဖြင့် မယုံကြည်သူများကခရစ်ယာန်ကို သိရှိလိမ့်မည်ဟု သူတို့က မျှော်လင့်ကြသည်။ သူတို့

အသက်တာပြောင်းလဲခဲ့ပြီးနောက် ယုံကြည်ခြင်းကြီးပွားဖို့ရန်အတွက် နှုတ်ကပတ်တော်သွန်သင်သောနေရာသို့ တက်ရောက်ရန်တိုက်တွန်းကြပါသည်။ သို့သော် ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် ဓမ္မသစ်ကျမ်းစာ၏ ကျင့်သုံးမှုနှင့်ဆန့်ကျင်ဘက်ဖြစ်သွားပါသည်။ အသင်းတော်ဝတ်ပြုခြင်းအစည်းအဝေးသို့ မယုံကြည်သူများကို ခေါ်ဖိတ်မည့်အစား ဓမ္မသစ်ကျမ်းစာထဲတွင် ဧဝံဂေလိဆရာများက မယုံကြည်သူများအိမ်သို့သွားကာ သတင်းကောင်း ဝေငှခဲ့သည်ကို တွေ့ရသည်။ သို့မဟုတ် တမန်တော်များက လူစုဝေးသောနေရာများသို့သွားကာ ခရစ်တော်အကြောင်း ကြွေးကြော်ခဲ့သည်ကို တွေ့ရသည်။ အသင်းတော်၌ ဝတ်ပြုခြင်းအစည်းအဝေးသည် ယုံကြည်ခြင်း၌ခိုင်ခံ့ရန် တစ်ဦးနှင့်တစ်ဦး တိုက်တွန်းနိုးဆော်ခြင်းသာဖြစ်သည်။ မယုံကြည်သူများပြောင်းလဲရန်အတွက် မဟုတ်ပေ (၁ကော ၁၄း၃၊ ၅၊ ၁၂၊ ၁၇၊ ၂၆)။ အသင်းတော်ဝတ်ပြုခြင်းအစည်းအဝေး၌လည်း မယုံကြည်သူများတက်ရောက်လျက်ရှိသည်ကို တွေ့ရှိနိုင်သည်(၁ကော ၁၄း၂၄–၂၅)။ သို့သော်လည်းအသင်း တော်၌ဝတ်ပြုကိုးကွယ်ခြင်းအစည်းအဝေးသည် ထိုသူတို့အတွက်မဟုတ်၊ ယုံကြည်သူများခွန်အားပေးခြင်းအတွက်သာ ဖြစ်သည်။ သခင်ဘုရားလမ်းဖွင့်ပေးသည့်အတိုင်း တခြားသူများအား ခရစ်တော်အကြောင်းဝေငှခြင်းသည် သက်သေထူရန်အတွက် နှုတ်ကပတ်တော်နှင့် ကိုက်ညီသည်။ ထို့နောက် လူတစ်ဦးသည် ခရစ်တော်ထဲ၌ ယုံကြည်ခြင်းရှိလာသောအခါ ယုံကြည်သူများနှင့် လက်တွဲပူးပေါင်းပါဝင်နိုင်ရန်အတွက် သူတို့ကို ဘုရားဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်သို့ ခေါ်ဆောင်ရမည်ဖြစ်သည်။

## ကနဦးယုံကြည်သူတို့သည် ဧဝံဂေလိလုပ်ငန်းကို မည်ကဲ့သို့လုပ်ဆောင်ခဲ့ကြသနည်း။
## How did the Early Church Evangelize?

ကနဦးယုံကြည်သူတို့က ခရစ်တော်၏စကားတော်ကို ဦးထိပ်ထားပြီးထိုစကားတော်များကို နာခံရန် စိတ်ထားရှိကြပါသည်။ သူတို့ကမတူညီသော နည်းလမ်းနှစ်မျိုးဖြင့် လုပ်ဆောင်ခဲ့ကြ သည်။ သူတို့သည် ဧဝံဂေလိမကြားဘူးသောသူများထံသွားကာ ဧဝံဂေလိဝေငှသည်။ ယေဘုယျအားဖြင့်တမန်တော်များ(အသင်းတော်ထူထောင်သူများ)နှင့် ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်သူများဟု ခွဲခြားသည်။ ထိုသူတို့သည် သူတို့မသွားဘူးသောဒေသသို့သွားရောက်ကာ သတင်းကောင်း ဝေငှသက်သေခံသည်။ အသင်းတော်တွင်ရှိသော တခြားယုံကြည်သူများက သူတို့မသိဘူးသောသူများဖြစ်သော မယုံကြည်သူများနှင့်နေ့တိုင်းအသင်းတော်တွင် သတင်းကောင်းဝေမျှခဲ့သည်။ တမန်တော်လုပ်ငန်းလုပ်ကိုင်သူများက ခရစ်တော်အကြောင်းကို တရားဇရပ်များ၊ဈေးရောင်းသောနေရာများနှင့် မြစ်ကမ်းဘေးများတွင်ဝေငှသက်သေခံကြသည်(တမန် ၁၃း၅၊ ၁၄၊ ၁၇း၁၇၊ ၁၆း ၁၃)။ တဘက်တွင် အသင်းတော်၌ရှိသော ယုံကြည်သူမျးက နေ့တိုင်းသူတို့၏ လူပ်ရှားမှုအားဖြင့် သက်သေပြကာ မယုံကြည၊သူတို့နှင့် ပုံမှန်ဆက်သွယ်ကြပါသည်။ ထို့ကြောင့်ပေါလုက သူတို့ထံ ဤသို့စာရေးသားပေးပို့ခဲ့သည်။ “မယုံကြည်သူများထံ မိမိကိုယ်ကို ပုံသက်သေကိုပြသလော့။ အခွင့်အရေးရသမျှ အကျိုးရှိစွာဖြင့် အသုံးပြုလော့။ ဆားကဲ့သို့ သင်တို့နှုတ်ဖျားမှကျေးဇူးတော်စကားကိုသာ ပြောကြလော့။ သို့ပြုလျှင် တစ်ယောက်နှင့်တစ်ယောက် မည်ကဲ့သို့ တုံ့ပြန်ရမည် ကို သင်တို့သိ၁့ပါလိမ့်မည်” (ကော ၃း၅–၆)။ ပေတရုကလည်း ဤကဲ့သို့ မိန့်ဆိုခဲ့ပါသည်။ “စိတ်နှလုံးထဲ၌ အရှင်ထာဝရဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှါ၊ ကာလ အစဉ်မပြတ်အသင့်ရှိနေကြလော့” (၁ပေ ၃း၁၅)။ ကနဦးယုံကြည်သူတို့သည် သာသနာပလူများကို တုံ့ပြန်ရန် အသင့်ရှိကြသည်။ သူတို့၏ ယုံကြည်ခြင်းကို မေးမြန်းသောသူများအားဖြင့်ရှင်းရန် အဆင်သင့်ရှိကြသည်။ ကနဦးခရစ်ယာန်များသည် သူတို့သိရှိခဲ့ပြီး သောသတင်းကောင်း၏တန်ခိုးကို သူတို့အသက်တာအားဖြင့် ပြသနိုင်ခဲ့သည်။ (အသက်တာအား

ဖြင့်ဟောပြောသော ဧဝံဂေလိလုပ်ငန်း) တမန်တော်များ(အသင်းတော်တည်ထောင်သူများ)သည် သူတို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသောသူများထံ ခရစ်တော်အကြောင်းကို ထိရောက်စွာဟောပြောခဲ့ကြသည်။

ကျွန်ုပ်တို့အိမ်အသင်းတော်က မယုံကြည်သူများထံ သတင်းကောင်းဝေငှသည့်နေရာတွင် ဤဖော်ပြချက်များက မည်ကဲ့သို့ ပါဝင်လုပ်ဆောင်မီးမောင်းထိုးပြသခဲ့သနည်း။ ကျွန်ုပ်တို့၏ အသင်းတော်များ၌ ဘုရားသခင်ပေးထားသောဆုကျေးဇူးရရှိသူများနှင့် ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ရန်ရွေးကောက်ခြင်းရရှိသူများ (ဧဝံဂေလိဆရာများနှင့် အသင်းတော်တည်ထောင်သူများ) တို့က သူတို့မကျင်လည်ဘူးသော ဒေသသို့သွားရောက်ပြီး ခရစ်တော်၏သတင်းကောင်းဝေငှရန် မီးမောင်းထိုးပြကာ တိုက်တွန်းလိုခြင်းဖြစ်သည်။ လေဟာပြင်ဟောပြောခြင်း၊ လမ်းများတွင် ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ခြင်း၊ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သေထူခြင်းနှင့် ဝေစာများဝေငှပေးခြင်းတို့သည် သူတို့၏ လုပ်ရမည့်လုပ်ငန်းဖြစ်သည်။ သူတို့သည် အရေးကြီးသော အစီအစဉ်များတွင် တာဝန်များခန့်အပ်ကာ တရားဟောရန်အခွင့်အရေးများလည်း ရရှိပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကိုယ်တိုင်ကလည်း ဤအခွင့်အရေးကို ရရှိခဲ့ဘူးသည်။ ကပွဲများနှင့် မယုံကြည်သူများစုရုံးရာကြီးမားသော ပရိသတ်များရှေ့တွင် သတင်းကောင်းဝေမျှရန် ကျွန်တော် အခွင့်အရေးများစွာရရှိခဲ့သည်။

တဘက်တွင် အသင်းတော်တွင်ရှိသော တခြားယုံကြည်သူများက သူတို့နှင့်ပတ်သက်သောသူများ၊ ကျောင်း၌သူငယ်ချင်းများ၊ သူတို့၏ အိမ်နီးနားချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးများ၊ စီးပွားရေးလုပ်ငန်းတွင် အတူတူလုပ်ဆောင်သောသူများနှင့် တခြားကိစ္စတစ်ခုခုကြောင့် ဆုံစည်းမိနေသောသူများထံ ခရစ်တော်၏အကြောင်းကို ဟောပြောရန်အခွင့်ရှာ၍ ဆုတောင်းနေရမည်ဖြစ်ပါသည်။ ထပ်မံ၍ ကျွန်ုပ်တို့သည် မယုံကြည်သူများနှင့်တွေ့ဆုံကာ ခရစ်တော်၏သတင်းကောင်း ဝေမျှနိုင်ရန် အခွင့်အရေးရှာကြဖို့လိုအပ်သည်။ ကျွန်ုပ်တို့၏ အိမ်နီးနားချင်းများနှင့် တွေ့ဆုံနိုင်ဖို့ရန်အတွက် ကျွန်ုပ်တို့သည် ရုပ်ရှင်များပြသခြင်းအစီအစဉ်၊ မိတ်ဆုံစားပွဲနှင့် ကမူဖျော်ဖြေပွဲများလုပ်ဆောင်ရန်လိုအပ်သည်။ ရုံးပိတ်ရက်များတွင် အိမ်တံခါးများဖွင့်လှစ်ကာ အိမ်နီးနားချင်းများ ခေါ်ဖိတ်ရန် လိုအပ်သည်။ မယုံကြည်သူများကို ညစာသုံးဆောင်ရန်အတွက်လည်း ခေါ်ဖိတ်နိုင်ပါသည်။ သမ္မာကျမ်းစာကို လေ့လာဆည်းဖူးလိုသော မယုံကြည်သူမိတ်ဆွေအသိများ ကိုသင်အသက်တာ၌ လိုအပ်မှုအတွက်ဆုတောင်းပေးမည်ဟုပြောကာ သူတို့၏ဆုတောင်းခံချက်ကို မေးမြန်းနိုင်ပါသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ရှိသော အိမ်နီးနားချင်းများစွာတို့သည် အထီးကျန်စွာနေထိုင်သူများဖြစ်ပြီး ပျော်ရွှင်ဖွယ်သောမိတ်သဟာယဖွဲ့ခြင်း လိုလားကြသည်ကို ကျွန်ုပ်သိရှိသောအခါ အလွန်အံ့သြသည်။ မယုံကြည်သူများနှင့် မိတ်ဆွေဖြစ်ခွင့်ကို ဘုရားသခင်ကပေးသောအခါ ကျွန်ုပ်တို့အထဲ၌ရှိသော အလင်းကို ထွန်းတောက်ဖို့ရန်အတွက် လိုအပ်လျက်ရှိသည်။ ဤအခွင့်အရေးက လူတွေကို ချစ်ခြင်းမေတ္တာထဲ၌ ပေါင်းစည်းကာ ထာဝရအသက်သို့ ထူးခြားစွာဖြင့် ပို့ဆောင်ပါလိမ့်မည်။

ထပ်မံ၍ ဖော်ပြလိုသည်မှာ ကျွန်ုပ်တို့အသင်းတော်က ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ရန်နှင့် အသင်းတော်များထူထောင်ရန် ဘုရားသခင်ထံမှ ဆုကျေးဇူးရရှိသူများနှင့် ၎င်းလုပ်ငန်းများလုပ်ဆောင်ရန် ခေါ်ခြင်းခံရသောသူတို့အတွက် ဆုတောင်းပေး၍အလှူဒါများကို ရက်ရောစွာဖြင့် ပေးလှူဖို့ရန်လိုအပ်သည်။ တမန်တော်ပေါလုက အသင်းတော်များထံ စာရေးသောအခါ သူ၏ ဧဝံဂေလိလုပ်ငန်းနှင့် အသင်းတော်ထူထောင်ခြင်းလုပ်ငန်းအတွက် ဆုတောင်းပေးရန် အသင်းတော်၌ရှိသော ယုံကြည်သူများအား တိုက်တွန်းလေ့ရှိသည်(ဧဖက် ၆း၁၉–၂၀)။ ၎င်းကျမ်းပိုဒ်များထဲတွင်ရှိသော အကြောင်းအရာများကို ပြန်လည်ဖော်ပြပါက ဘုရားသခင်ကပေါလုကို သတင်းကောင်း၏ လျှို့ဝှက်ချက်များ ရဲဝံ့စွာ ဟောပြောနိုင်ရန် ခရစ်တော်၏ လျှို့ဝှက်ချက်များ ဟောပြောခြင်း အတွက် ဘုရားသခင်ကလမ်းဖွင့်ပေးရန် ဘုရားကသူ့ကို ရဲရင့်ခြင်းပေးရန် ဆုတောင်းပေးကြပါဟု

ယုံကြည်သူမျးအား တိုက်တွန်းခဲ့ပါသည်။ ထပ်မံ၍ ပေါလုက သူ၏ဧဝံဂေလိလုပ်ငန်းအတွက် ငွေကြေးဖြင့်ထောက်ပံ့ကူညီသော အသင်းတော်များကိုလည်း သူသည်ချီးကျူးခဲ့ပါသည်(ဖိ ၄း၁၄–၁၉၊ ၂ကော ၈း၁–၅)။ ယနေ့ ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ရန်နှင့် အသင်းတော်ထူထောင်ရန် ဘုရားသခင်ရွေးကောင်ခြင်းခံရသော သူများအတွက်ဆုတောင်းပေး၍ အလှူဒါနအားဖြင့် ပါဝင်ကူညီကြပါစို့။

ယုံကြည်သူတိုင်းက လူအားလုံးများထံသို့ သက်သေခံရန်ဖြစ်သော်လည်း ခရစ်တော်ကို လက်ခံရန်နှင့် ကယ်တင်ရဖို့ရန်အတွက် ဘုရားသခင်ခွဲခန့်မှတ်သားပြီးသား လူတစ်ချို့ရှိနိုင်သည်။ ထိုသို့ဆိုသော် ဧဝံဂေလိသတင်းကောင်းဝေငှရန် လိုအပ်မည်လော။ ကောင်းပေ၏။ ဖြစ်နိုင်လျှင် ခရစ်တော်ထံသို့ လူများပို့ဆောင်သောသူသည် ပို့ဆောင်ခြင်းခံရသောသူတို့နှင့်အတူ အချိန်ယူကာ တပည့်တော်အဖြစ်မွေးထုတ်ခြင်းမှ အစပြုရမည်။ သူတို့ကို ခွန်အားပေးရမည်။ ဘုရားသခင်အ တွက် ဘယ်လိုအသက်ရှင်ရမည်နည်းဟု မေးသောအခါ ထိုမေးခွန်းကို ဖြေဆိုပေးရမည်။ ခရစ်တော်ကို အစေခံသည့်အခါ မည်ကဲ့သို့အစေခံရမည်ကို ဥပမာပြသရမည်။ ဘုရားသခင်က အသစ်သောယုံကြည်သူများပေးသောအခါ သူတို့ကို အသင်းတော်တစ်ခုခုသို့ အပ်နှံရမည်။ သို့မဟုတ် အသင်းတော်သစ်ထူထောင်ရမည်။ အိမ်အသင်းတော်၌ စုရုံးခြင်းသည် ကျဉ်းမြောင်းသောနေရာဖြစ်သောကြောင့်(လူအနည်းငယ်သာစုရုံးနိုင်သည်) လူအယောက် ၃၅ မှ ၄၀ အထိတိုးလာသောအခါ အခက်အခဲများကို တွေ့ကြုံပါလိမ့်မည်။ ထိုအချိန်တွင် အသင်းတော်တည်ထောင် ရန် စီစဉ်ထားပါ။ အရင်ကရှိခဲ့သည့် အသင်းတော်ကိုနှစ်ပိုင်းပိုင်းကာ အသင်းတော်သစ်ကို သင်ထူထောင်နိုင်သည်။ သို့မဟုတ် သင်သည် ယုံကြည်သူအသစ်ချည်းပဲရရှိသောကြောင့် အသင်းတော်အသစ်ကို စတင်တည်ထောင်နိုင်သည်။ ဤကဲ့သို့ အသင်းတော်ဟောင်းကို နှစ်ပိုင်းခွဲကာ အသင်းတော်ထူထောင်ခြင်းထက် အသစ်စတင်ထူထောင်ခြင်းသည် ပြောစရာပို၍ကင်းသည်။ ကျွန်တော်ကိုယ်တိုင်က နောက်ဆုံးသော နည်းဗျူဟာကိုပို၍နှစ်သက်သည် အသင်းတော်တစ်ပါးတွင် လူများ စွာပါဝင်မိတ်သဟာယဖွဲ့ခြင်းပုံစံသည် တစ်ယောက်နှင့်တစ်ယောက် သင်းကောင်းကာစိတ်နာဖို့လွယ်ကူသည်။ ယုံကြည်သူအနည်းငယ်နှင့် အသင်းတော်တည်ထောင်ခြင်းအတွက် ဆုကျေးဇူးရရှိ သောသူတစ်ချို့ကိုခေါ်ကာ ထိုသူတို့နှင့် နေရာသစ်တစ်ခုတွင် ဝတ်ပြုကိုးကွယ်ခြင်းသည် စိတ်ဖိဆီးမှုသာ၍နည်းပါးသည်။ ယုံကြည်သူအသစ်များကို အသင်းတော်တွင် မည်ကဲ့သို့ပါဝင်ရ မည်ကိုငှင်း၊ သူတို့၏ဆွေးမျိုးအသိုင်းအဝိုင်းကို ခရစ်တော်၏သတင်းကောင်းမည်ကဲ့သို့ ဝေမျှမည်ကိုငှင်း၊ အသင်းတော်ထူထောင်သူက သွန်သင်ရန်လိုအပလျက်ရှိသည်။ အချိန်ကြာလာ သောအခါ၍အသစ်သော ပြောင်းလဲသူများကြားထဲတွင် သိုးစုများထိန်သိမ်းရန်၊ သင်းထောက်လူ ကြီးနေရာ၌ အမှုတော်ဆောင်ရန် ဘုရားသခင်ကလူတစ်ချို့ကို တင်မြောက်မည်ဖြစ်သည်။ ယခု အသင်းတော်ထူထောင်သူက လွတ်လပ်ပေါ့ပါးစွာ အသင်းတော်ထူထောင်ဖို့ရန်အတွက် စိတ်အားထက်သန်ခြင်းကို သူမှတာဝန်ရှိသည်။ အသင်းတော်တည်ထောင်ပြီးနောက် လိုအပ်သောအရာများ ကို လိုအပ်သလိုဘုရားသခင်က ဖြည့်ဆည်းပေးပါလိမ့်မည်။

သခင်ယေရှု ချီးမြောက်ခြင်းရရှိရန်နှင့် ကမ္ဘာတစ်ဝှမ်းလုံးတွင် သူ၏နိုင်ငံတော်ကျယ်ပြန့်နိုင်မည့်အကြောင်း အိမ်အသင်းတော်လှုပ်ရှားမှုထဲတွင်ပါဝင်ကာ ပေးအပ်လျက်ရှိသော မဟာစေခိုင်းခြင်းကို ပြည့်စုံနိုင်ဘို့ရန်အတွက် ကျွန်တော်တို့အားလုံးပေါ်တွင် ဘုရားသခင်က အမှုပြုပါစေ သော်။
– Brian Anderson

တစ်ချို့သော ယုံကြည်သူတို့သည် ဧဝံဂေလိလုပ်ငန်းနှင့် အသင်းတော်တည်ထောင်ခြင်းလုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် သဘာဝထက်သာလွန်သော ဆုကျေးဇူးရရှိသည်။ အထူးသဖြင့် ရှေ့ဆောင်လမ်းပြသူဖြစ်သော ခမ္ဘသစ်ကျမ်း၏ တည်ဆောက်မှုပုံစံသည် သူတို့၏ လှုပ်ရှားမှုနည်းဗျူဟာနှင့် သာသနာလုပ်ငန်းနှင့် ညီညွတ်သည်။ သို့သော် စစ်မှတ်သော အသင်းတော်ထူထောင်သူများက အသင်းတော်သစ်ကို စတင်သောအခါ ဤနည်းလမ်းအတိုင်း လိုက်လျှောက်ခြင်းမရှိ

တော့သည်ကိုတွေ့ရသည်။ ထိုသို့ဖြစ်ပါက ၎င်းအသင်းတော်သည် ဓမ္မသစ်ကျမ်း၌ဖော်ပြသော စစ်မှန်သောအသင်းတော်မဟုတ်ပေ။ သူတို့၏ သာသနာလုပ်ငန်းသည် အသစ်သောအသင်းတော် ထူထောင်ရန် ကူညီခြင်းသက်သက်ဖြစ်သွားပါလိမ့်မည်။ ၎င်းသာသနာလုပ်ငန်းသည် အဓိကမဟုတ်တော့ဘဲ ဧဝံဂေလိဝေငှပြီးသောနေရာတွင် အသင်းတော်ကို ခိုင်ခံ့စွာ ထူထောင်ခြင်းသာဖြစ်ပေ သည်။